## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

## (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၃-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၃၀ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူ ၉၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၇၃ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၄) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၅) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၆) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၇) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၈) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၉) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၀) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် ခွင့် ၁ ရက်၊

(၁၃) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၁၄) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၁၅) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၁၆) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၁၇) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်နှင့်

(၁၉) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၃ ဦး ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၉၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စက်ခလုတ်ကိုအသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် အချက်ပြမီးစနစ်အား ပြုပြင်ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ စက်ခလုတ်နဲ့မဲပေးတဲ့အခါမှာ အချက်ပြမီးစနစ်ကို ပြုပြင်သင့်ရင် ဒါမှမဟုတ် ပြုပြင်ပေးနိုင်မယ်ဆိုရင် ပြုပြင်ပေးဖို့ရည်ရွယ်ချက်နဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ စက်ခလုတ်ဗဟိုပေါ်မှာ အနီ၊ အစိမ်း၊ အဝါ ဆိုပြီးတော့ ခလုတ်သုံးခုရှိပါတယ်။ ကျွန်တော်တို့က ခလုတ်တစ်ခုခုကို နှိပ်တဲ့အခါမှာ အဲဒီမီးဟာ ပြန်ပြီးတော့ ပျောက်သွားတာမဟုတ်ဘဲနဲ့ အနီမီးကိုနှိပ်ရင် အနီ၊ အစိမ်းမီးကိုနှိပ်ရင် အစိမ်း အဲဒီလို တောက်လျှောက်ကြီး မြင်နေရပါတယ်။ ဒါကြောင့် ဘေးဘယ်ညာကိုစောင်းကြည့်လိုက်ရုံနဲ့ ဘယ်သူက ဘယ်လိုမဲကိုပေးတယ်။ ဘယ်အဖွဲ့အစည်းက ဘယ်ပါတီက ဘယ်လိုမဲကိုပေးရတယ်ဆိုတာကို မြင်နိုင် တဲ့အတွက် ဒါဟာ လျှို့ဝှက်မဲပေးစနစ်နဲ့မတူဘဲ ကျွန်တော်တို့ အကုန်လုံးသိနေတဲ့အတွက် ဒါမူလ ရည်ရွယ်ချက်က အဲဒီမှာပျောက်နေပါတယ်။ ကျွန်တော်တို့မှာလည်း ပါတီအဖွဲ့အစည်းအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ ဒါတွေဟာ ထောက်ထားစရာတွေ၊ လူမှုရေးအရ ကြည့်ရှုစရာတွေရှိတဲ့အတွက်နဲ့

ဒါတွေဟာ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ် ပေးပိုင်ခွင့်မရှိသလိုဖြစ်နေပါတယ်။ အဲဒီအားနည်းချက်ကို ကျွန်တော်တို့ ပြုပြင်နိုင်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ပထမမေးခွန်းကို ကျွန်တော့်အနေနဲ့ အဲဒီလို မဲပေးတဲ့အခါမှာ တောက်လျှောက်မီးလင်းတာ အဲဒီလိုဖြစ်မနေဘဲ ဒါမှမဟုတ် တောက်လျှောက်မီးလင်းခြင်းဖြစ်ပေါ်စေမယ်ဆိုရင်လည်းဖြစ်ပါတယ်။ ဒါမှမဟုတ်ဘဲနဲ့ ဘာမှမီးမလင်းဘဲနဲ့ ပျောက်သွားတယ်ဆိုရင်လည်းဖြစ်ပါတယ်။ သူပေးတဲ့မီးကို မပေါ်အောင် ဘေးဘယ်ညာကလူတွေ မသိအောင် အဲဒီလိုမျိုးထားနိုင်မလားဆိုတဲ့ရည်ရွယ်ချက်နဲ့ မေးခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဒီအီလက်ထရောနစ်နည်းပညာက တစ်နေ့ထက်တစ်နေ့ မြင့်မားလာတာနဲ့အညီ ကျွန်တော်တို့ပေးတဲ့ အီလက်ထရောနစ်စက်ပိုင်းဆိုင်ရာအားနည်းချက်ကြောင့် ဖြစ်စေ၊ မသမာတဲ့လူတွေက နည်းပညာအရ ဝင်ရောက်ပြီးတော့ စွက်ဖက်ခြင်းကြောင့်ဖြစ်စေ ကျွန်တော်တို့ပေးတဲ့ မဲရလဒ်တွေဟာ ပြောင်းလဲသွားနိုင်မလား။ အဲဒါမျိုးကို စက်ပိုင်းဆိုင်ရာလုံခြုံရေးအရ ချို့ယွင်းမှုအားနည်းအောင် ဘယ်လိုများစီမံချက်ထားတယ်ဆိုတာကိုလည်း အကုန်လုံးကို ပွင့်လင်းမြင်သာစွာသိစေချင်လို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမယ့်မေးခွန်းကတော့ (၁) မိမိမဲဆန္ဒပေးသည့် မီးခလုတ်အချက်ပြမီးအား ဆန္ဒမဲပေးပြီးနောက်တွင် တောက်လျှောက်မီးလင်းခြင်းမရှိဘဲ မည်သည့်အချက်ပြမီးမျှမလင်းအောင် လုပ်ပေးနိုင်ပါမည်လား။ ဒီမှာ နည်းနည်းကျွန်တော်ဖြည့်လိုပါတယ်။ နဂိုအတိုင်းမီးအားလုံးလင်းနေအောင် လုပ်ဆောင်ပေးနိုင်ပါမည်လား။ မီးပျောက်သွားရင်လည်းဖြစ်ပါတယ်။ နဂိုအတိုင်း အကုန်လုံးလင်းနေရင်လည်းဖြစ်ပါတယ်။ (၂) စက်ခလုတ်ဖြင့်မဲပေးရာတွင် မှန်ကန်သော ရလဒ်များရရှိစေရန် ကွန်ပျူတာစက်ကိရိယာများနှင့်ပတ်သက်၍ နည်းပညာပိုင်းအရလည်းကောင်း၊ လုံခြုံရေးပိုင်းအရလည်းကောင်း အားနည်းခြင်းများမရှိအောင် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။

**မူကြမ်း**

ဒီနေ့မေးမြန်းထားတဲ့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ မေးခွန်းများကို ကျွန်တော့်အနေနဲ့ ဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွန်းနှင့်ဆက်စပ်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ရှေ့မှာရှိနေတဲ့ မဲပေးတဲ့ခုံ တစ်နည်းအားဖြင့် Delegate Unit မှာ ထောက်ခံ၊ ကြားနေ၊ ကန့်ကွက်ဆိုပြီးတော့ ခလုတ်သုံးခုရှိပါတယ်။ Delegate Unit ကို ကွန်ပျူတာခန်းမှာရှိတဲ့ Server နဲ့တိုက်ရိုက်ဆက်သွယ်ထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ Voting Card ထည့်လိုက်တာနဲ့ Register လုပ်ပြီးတော့ Server ကိုဝင်သွားတာ ဖြစ်ပါတယ်။ Delegate Unit နဲ့မဲပေးတဲ့နေရာမှာ Computer Server မှာ Computer Program နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ Secret Vote စက်ခလုတ်သုံးပြီးတော့ပဲ လျှို့ဝှက်မဲဆန္ဒပေးတဲ့စနစ်နဲ့ Open Vote စက်ခလုတ်အသုံးပြီးတော့ပဲ ပြောင်မဲပေးခြင်းစနစ်ဆို ပြီးတော့ Program နှစ်ခုရှိပါတယ်။ စက်ခလုတ်အသုံးပြုပြီးတော့ ပြောင်မဲပေးတဲ့စနစ်က ကျွန်တော်တို့ အခု မကြာခဏ လွှတ်တော်ထဲမှာ ကျင့်သုံးတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကတော့ မဲပေးဖို့ ခွင့်ပြုလိုက်တဲ့အချိန်မှာ ကိုယ်ကြိုက်တဲ့ ထောက်ခံ၊ ကြားနေ၊ ကန့်ကွက်မဲကို ခလုတ်ကိုနှိပ်လိုက် လို့ရှိရင် ပြောင်မဲပေးတဲ့စနစ်ဖြစ်တဲ့အတွက်ကြောင့် အဲဒီခလုတ်ကလင်းပြီးတော့ ကျန်တဲ့ခလုတ်တွေ မလင်းပါဘူး။ ဒီခလုတ်ကပေါ်တဲ့အတွက်ကြောင့် ပြောင်မဲ Register လုပ်ပြီးသားဖြစ်ပါတယ်။ ဒီစနစ်ကို ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ ကျင့်သုံးပါတယ်။ ဥက္ကဋ္ဌကြီးကနေပြီးတော့ ပြောင်မဲပေး တဲ့စနစ်နဲ့ စက်ခလုတ်သုံးမယ်ဆိုတဲ့အခါမှာ ဒီစနစ်ကိုသုံးမှာပါ။ နောက် Program တစ်ခုက ကျွန်တော်တို့မှာရှိပါတယ်။ အဲဒါကတော့ Secret Vote ဖြစ်ပါတယ်။ စက်ခလုတ်သုံးပြီးတော့ လျှို့ဝှက်မဲပေးမယ်လို့ ဥက္ကဋ္ဌကြီးက Command ပေးလိုက်တာနဲ့တစ်ပြိုက်နက်တည်း Computer Program ထဲမှာ ဘယ်လိုပါသလဲဆိုရင် ထောက်ခံ၊ ကြားနေ၊ ကန့်ကွက်မဲ ကြိုက်တဲ့ခလုတ်ကို နှိပ်လိုက်တာနဲ့တစ်ပြိုင်တည်း ခလုတ်သုံးခုလုံးမီးလင်းနေမှာဖြစ်ပါတယ်။ ကိုယ်ဘာခလုတ်နှိပ်ထား တယ်ဆိုတာ မပေါ်တော့ပါဘူး။ ဒီစနစ်က ကွန်ပျူတာရဲ့ Server ထဲမှာ Program ရှိပြီးဖြစ်ပါတယ်။ ဒီကနေ့အထိ စက်ခလုတ်သုံးပြီးတော့ လျှို့ဝှက်မဲပေးတဲ့စနစ်ကို မကျင့်သုံးသေးတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်တွေဟာ ဒီစနစ်ကို မသိသေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ် ကြီးမေးတဲ့ စက်ခလုတ်သုံးပြီးတော့ လျှို့ဝှက်မဲပေးတဲ့စနစ်မှာ ကိုယ်နှိပ်လိုက်တဲ့ခလုတ် ဘာလဲဆို တာကို ကိုယ်ကိုယ်တိုင်လည်း မမြင်တော့သလို ဘယ်သူမှဒါ Program ရှိကြောင်း ဖြေကြားအပ်ပါ တယ်။

**မူကြမ်း**

ဒုတိယမေးခွန်းဖြစ်တဲ့ လုံခြုံရေး (Security) နှင့်ပတ်သက်တဲ့ အစီအစဉ်ကတော့ ကျွန်တော်တို့ ဒီမှာလည်းပဲရှိပါတယ်။ အဓိက ကတော့ ကျွန်တော်တို့ရဲ့ Server ထားတဲ့ Computer Room ဟာ အပြင်လူများ မဝင်နိုင်တဲ့ လျှို့ဝှက်တဲ့စက်ခန်းဖြစ်ပါတယ်။ ကျွန်တော်တို့ဝင်ပြီးတော့ လွှတ်တော်တွင်းကိုရောက်တာနဲ့ Voting Card ထည့်လိုက်တာနဲ့တစ်ပြိုင်တည်း ကျွန်တော်တို့ရဲ့ Registration က Computer Server မှာ Registration လုပ်ပြီးသားဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ဒီလွှတ်တော်ထဲဝင်လာတာနဲ့ ဒီ Voting Card ကပေးတဲ့ Registration Count တွေက Server ထဲမှာရှိပြီးသားဖြစ်ပါတယ်။ Voting လုပ်ထားတဲ့အချိန်မှာ Voting လုပ်ဖို့ပြင်တဲ့အချိန်မှ လာပြီးတော့ Voting Card ထည့်မယ်ဆိုလို့ရှိရင် Computer က Count မလုပ်တော့ပါဘူး။ ဒါကြောင့်မို့လို့ ပထမ Register လုပ်ပြီးသား Voting Card တွေနဲ့ Computer က Automatically ဒီက ခလုတ်နှိပ်တာနဲ့ သူဘာသာသူ Program အရ Counting စနစ်လုပ်တဲ့အတွက်ကြောင့် Program လွဲမှားမှုမရှိနိုင်ဘူး။ Security လည်းပဲ ဖောက်ပြားမှုမရှိနိုင်တဲ့အစီအစဉ်မျိုး လွှတ်တော်ထဲမှာတပ်ဆင်ထားတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းကိုမိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကျွန်တော်အား တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါလို့ ဦးစွာပန်ကြားလိုပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးရဲ့ ဖြေကြားချက်ကိုကြားရပါတယ်။ ဒီလိုစက်ခလုတ်ကိုသုံးပြီးတော့ လျှို့ဝှက်မဲပေးခြင်းဆိုတာ လွှတ်တော်တက်တာ သုံးနှစ်ကျော်ပါပြီ။ အခုမှ သိရပါတယ်။ အဲ့ဒါကြောင့် ကျေးဇူးတင်ပါတယ်။ အဲ့လိုမဲပေးတဲ့စနစ်ကို နောက်နောင်များမှာ သုံးဖို့အစီအစဉ်ရှိပါသလား။ ဘယ်လိုအချိန်အခါမျိုး၊ ဘယ်လိုကိစ္စမျိုးကို မဲခွဲတဲ့နေရာမှာသုံးဖို့ရှိပါသလဲဆိုတာလည်း သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းတဲ့မေးခွန်းဖြစ်ပါတယ်။ အဖြေလည်း သေချာနားထောင်မယ်ဆိုရင်တော့ အားလုံးသဘောပေါက်မှာပါ။ အခုကျွန်တော်တို့လွှတ်တော်ထဲမှာ ကျင့်သုံးနေတာ များသောအားဖြင့် ပြောင်မဲပေးတဲ့စနစ်ကို ကျင့်သုံးနေပါတယ်။ မတ်တတ်ရပ်၊ ထိုင်လျက် နည်းလမ်းတစ်ခုရှိသလို၊ စက်ခလုတ်အသုံးပြု၍ မဲပေးခြင်းလို့ပြောရင် ဒါပြောင်မဲပေးခြင်းဖြစ်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ စက်ခလုတ်ကိုအသုံးပြီး လျှို့ဝှက်မဲပေးမယ်လို့ ဥက္ကဋ္ဌကပြောလို့ရှိရင် ဒါလျှို့ဝှက်မဲပေးတာဖြစ်ပါတယ်။ ဘယ်အချိန်မှာ ဘယ်စနစ်ကိုကျင့်သုံးမယ်ဆိုတာက ဥက္ကဋ္ဌရဲ့အဆုံးအဖြတ်ပဲဖြစ်ပါတယ်။ အတွေ့

အကြံုတစ်ခုနဲ့ပြောမယ်ဆိုရင် ခုနကမေးတဲ့ မေးခွန်းထဲမှာတစ်ခုပါပါတယ်။ မိမိတို့ပေးလိုက်တဲ့ မဲတွေ မဲပေးတဲ့အတိုင်းမှန်ကန်မှုရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဒီလိုလည်း သံသယတွေဝင်နိုင်သလို Voting Board ကနေပြီးတော့ အခြားနည်းနဲ့ မလျော်မကန်ဖြစ်အောင်လုပ်မယ် လုပ်နိုင်တယ်ဆိုတဲ့ သံသယတွေများစွာရှိခဲ့ပါတယ်။ အတွေ့အကြံုတစ်ခုပြောမယ်ဆိုရင် အမေရိကန် Congress မှာ မဲပေးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာလိုပဲ အစိမ်းရယ်၊ အနီရယ်၊ အဝါရယ်ရှိပါတယ်။ ထောက်ခံမဲ မီးအစိမ်းဖြစ်ပါတယ်။ ဦးမောင်လှကနေ ထောက်ခံမဲ သို့မဟုတ် John ကထောက်ခံမဲပေးမယ်ဆိုရင် ဒီခလုတ်နှိပ်လိုက်တာနဲ့ တစ်ပြိုင်တည်း Board မှာလာပြီးတော့ အစိမ်းကွက်မှာ Mr. John သူမဲပေးတဲ့ဟာ မှန်/မမှန်ကြည့်နိုင်အောင် တစ်ခါတည်း ဒီလိုလုပ်ထားပါတယ်။ Mr. Black က ခုနက ကန့်ကွက်တယ်ဆိုလို့ရှိရင် အနီမှာသူ့နာမည်ပေါ်ပါတယ်။ ဒါမို့လို့ ကိုယ်မဲပေးတာဘယ်ရောက်သလဲဆိုတာလည်း တစ်ခါတည်းစစ်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ အဲ့ဒီလိုမရှိသေးပါဘူး။ ကျွန်တော်တို့ ကိုယ့်မဲမပျောက်အောင် ကိုယ့်မဲဘယ်သွားတယ်ဆိုတာသိအောင် ဒီလိုလုပ်ဖို့လည်း ကျွန်တော်တို့ စတင်ပြီးတော့ စီမံဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယထပ်ပြီးတော့ မေးတဲ့မေးခွန်းက လွှတ်တော်ထဲမှာတစ်ခါမှ မကျင့်သုံးခဲ့သေးဘူး။ ဘယ်တော့များကျင့်သုံးမှာပါလဲ။ ဘယ်အချိန်မှာ ကျင့်သုံးမှာပါလဲဆိုတဲ့ မေးခွန်းကဟုတ်ပါတယ်။ မကျင့်သုံးခဲ့သေးပါဘူး။ ဘယ်တော့ ဘယ်အချိန်မှာပါဆိုတဲ့ ကိစ္စကတော့ အခြေအနေပေါ်မူတည်ပြီးတော့ ဒါကို လွှတ်တော်ဥက္ကဋ္ဌရဲ့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်။ မလွဲမသွေလို့ ဝှက်မဲပေးရမယ်ဆိုတဲ့ကိစ္စကျရင် ဒီဥပဒေအတိုင်းပဲ လွှတ်တော်ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်များလိုက်နာရမှာဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်(အမျိုးသား)များ ရေရှည်ခေါင်းပေါင်း ပေါင်းထားခြင်းသည် ကျန်းမာရေးထိခိုက်နိုင်သဖြင့် လွှတ်တော်ဥက္ကဋ္ဌနေရာယူပြီးသည့်အချိန်မှစ၍ ခေါင်းပေါင်းများကို ချွတ်ထားခွင့်ပြုရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းထိန်၊ မိတ္ထီလာမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်။ အခုကျွန်တော်တင်ပြရမယ့် မေးခွန်းကတော့ နဝမအကြိမ်ပြည်သူ့လွှတ်တော်မှာ အဆိုအဖြစ်နဲ့တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကိုလည်း ထောက်ခံမယ့်ပုဂ္ဂိုလ်

တွေလည်းရှိပါတယ်။ အဲ့ဒီအဆိုတင်သွင်းတဲ့ဥစ္စာကို နဝမအကြိမ် လွှတ်တော်ပြီးမယ်လို့ နောက်ဆုံး ဒုတိယနေ့ကျတော့မှ မေးခွန်းအဖြစ်နဲ့တင်တဲ့အခါမှာ ဒီကတာဝန်ရှိတဲ့ ဝန်ထမ်းများကနေပြီး ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ အကြောင်းပြန်စာရပါတယ်။ အဲ့ဒီအကြောင်းပြန်စာမှာကတော့ ဒီ ကျွန်တော်တင်ပြတဲ့ဥစ္စာက ကျန်းမာရေးအရ ယခင်ကအထိုက်အလျောက် ကျိုးကြောင်းဆီလျော်သော် လည်းပဲ ကျွန်တော်တို့ လူမျိုးဂုဏ်ဆောင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့ အဆိုကို မထောက်ခံကြပါဘူး။ အခုတော့ ကျွန်တော်မေးခွန်းအဖြစ်နဲ့တင်ပြတဲ့အခါမှာလည်း ကျန်းမာရေး မြှင့်တင်မှုကော်မတီကနေ ဖြေကြားမယ်ဆိုတော့ ဒီလိုပဲ အဖြေအတူတူပဲရမလားလို့ မျှော်လင့်ရတော့မှာ ပေါ့။ ဘာကြောင့်လဲဆိုလို့ရှိရင် အခုကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကျင်းပတာ ၁၀ ကြိမ်မြောက်ရှိ ပါပြီ။ ၁၀ ကြိမ်မြောက်မှာ လွှတ်တော်ကိုယ်စားလှယ်ထဲက အကြောင်းကြောင်းကြောင့် တိမ်းပါးသွားတဲ့ ပုဂ္ဂိုလ်တွေ ပြီးခဲ့တဲ့လွှတ်တော်မှာဆိုလို့ရှိရင် ဦးအောင်ဆန်း၊ နောက်ပြီးတော့ အင်းစိန်းမြို့နယ်က ဦးအေးမြင့် ဒီပုဂ္ဂိုလ်တွေ ပြန်းစားကြီး ဆုံးပါးသွားတာဟာ ကျန်းမာရေးချို့တဲ့တာတော့မှန်တာပေါ့။ သို့သော်လည်းပဲ အဲ့လို့ကျန်းမာရေးချို့တဲ့အောင် တွန်းပို့နေတဲ့အချက်အလက်တွေ ရှိမယ်လို့ကျွန်တော် စဉ်းစားမိပါတယ်။ စဉ်းလည်းစဉ်းစားမိတယ်။ ယုံလည်းယုံကြည်မိတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် အနောက်တိုင်း ဆေးပညာအရသော်လည်းကောင်း၊ တိုင်းရင်းဆေးပညာအရသော်လည်းကောင်း၊ လူခန္ဓာကိုယ်ဟာ ၂၄ နာရီမပြတ် အခိုးအငွေ့ထုတ်တယ်။ အခိုးပြန်တယ်။ ဒါကြောင့်မို့လို့ ခေါင်းချွေး ထွက်တာတို့၊ ခြေဆီထွက်တာတို့၊ ချွေးပြန်တာတို့အစရှိသဖြင့် ဖြစ်တဲ့အခါမှာ အဲ့ဒီအခိုးပြန်တဲ့ စနစ်ကြီး ဆက်တိုက်ကောင်းနေမှ ကျန်းမာရေးက ညီညွတ်မှာပါ။ အဲ့ဒီတော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ တစ်နေ့ကိုလေးနာရီ တစ်ခါတလေငါးနာရီ ခေါင်းပေါင်းပေါင်းတဲ့အခါမှာ ခေါင်းကထွက်တဲ့အခိုးဟာ ပိတ်ထားသလိုဖြစ်နေပါတယ်။ ထူးခြားတာက အမျိုးသားတွေက ခေါင်းပေါင်းပေါင်းရတယ်။ အမျိုးသမီးက ခေါင်းပေါင်းမရှိဘူး။ နောက်တစ်ချက် တပ်မတော်သား ကိုယ်စားလှယ်တွေ ခေါင်းပေါင်းမရှိဘူးဆိုတော့ ကျွန်တော်တို့ အမျိုးသားပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က အမျိုးသားတွေပဲ ခေါင်းပေါင်းပေါင်းရတဲ့အခါကျတော့ ဒါရေရှည်မှာ ကျန်းမာရေးထိခိုက်နိုင်တယ်လို့ ယူဆတယ်။ ဥပမာ- ဒီအသက်အရွယ်ငယ်တဲ့ပုဂ္ဂိုလ်တွေကတော့ ပြောစရာမလိုသော်လည်း အသက်တွေကြီးတဲ့အခါမှာ အိုမင်းရင့်ရော်ခြင်းကို ဒီ Digit ကလေးတွေနဲ့ တိုင်းတာကြည့်ရင် အသက်ကြီးလာတဲ့အမျှ အဲ့ဒီ Digit လေးတွေက စုစု၊ စုစုလာပြီးတော့ အကြောင်း တိုက်ဆိုင်တဲ့အခါမှာ Accumulated ဖြစ်ပြီးတော့မြန်သွားနိုင်တဲ့ Process ရှိတတ်ပါတယ်။ အဲ့တော့

ကျွန်တော်တင်ပြချင်တဲ့မေးခွန်းက ကျန်းမာရေးကို ရေရှည်မှာထိခိုက်နိုင်တဲ့အတွက်ကြောင့် အမျိုးသားတွေခေါင်းပေါင်းပေါင်းတဲ့ အစီအစဉ်ကို သင့်လျော်စွာနည်းတစ်နည်းနဲ့ ပြောင်းပြီးတော့မှ စီစဉ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ဒီမေးခွန်းကိုဖြေကြားဖို့အတွက် ကျန်းမာရေးမြှင့်တင်မှုကော်မတီအား ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သန်း(အဖွဲ့ဝင်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင် ဒေါက်တာအောင်သန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ သဘောထားမှတ်ချက်အား ကော်မတီကိုယ်စား ကျွန်တော်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ ဆေးပညာရှုထောင့်အရ တင်ပြရရင် လူ့ခန္ဓာကိုယ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံအရ ခန္ဓာကိုယ်အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဟူ၍ သုံးပိုင်းခွဲခြားထားရာ အဆိုပါအပိုင်းအားလုံးကို ထိခိုက်မှုဒဏ်၊ ရာသီဥတုဒဏ်နှင့် ဇီဝဖြစ်စဉ်ပြောင်းလဲမှုများ ခံစားတုန့်ပြန်နိုင်ရေးအတွက် အရေပြားဖြင့် ကာရံထားပါတယ်။ ခန္ဓာကိုယ်အပြင်ဘက်တွင်ကာရံထားသော အရေပြားတွင် မွေးညှင်းပေါက်များ၊ မွေးညှင်းများရှိရာ ခန္ဓာကိုယ်အစိတ်အပိုင်းပေါ်မူတည်၍ မွေးညှင်းများက အရေပြားကို ပြန်လည်ကာကွယ်ပေးထားပါတယ်။ ဥပမာ- ဦးခေါင်းရှိ ဦးရေပြားကို ဆံပင်များကကာကွယ်ပေးထားပါတယ်။ အရေပြားရှိ မွေးညှင်းပေါက်များသည် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်အရ ခန္ဓာကိုယ်အပူချိန်ကိုလည်းကောင်း၊ ထိန်ညှိပေးသည့်လုပ်ငန်းကို ဆောင်ရွက်ပါတယ်။ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတုဓာတ်များကို ချွေးအဖြစ် အရေပြားအပြင်သို့ တွန်းထုတ်ပေးခြင်းဖြင့် ဇီဝဖြစ်စဉ်ပြောင်းလဲမှုများကို ချွေးအဖြစ်လည်းကောင်း၊ အငွေ့အဖြစ်လည်းကောင်း ပုံမှန်ဆောင်ရွက်လျက်ရှိရာ ခန္ဓာကိုယ်ဦးခေါင်းပိုင်းရှိ ဦးရေပြားကလည်း ဤဇီဝဖြစ်စဉ်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိပါတယ်။ ခေါင်းပေါင်းပေါင်းထားခြင်းနှင့်ပတ်သက်၍ ခန္ဓာကိုယ်၏ဖြစ်စဉ်ပြောင်းလဲမှုဖြစ်စဉ်မှာ ခေါင်းပေါင်းမပေါင်းလျှင် ဦးခေါင်းရဲ့ဦးရေပြားပေါ်ရှိ ချွေး၊ အငွေ့များသည် ပြင်ပသို့ အတားအဆီးမရှိ လွတ်လပ်စွာထွက်ခွာခွင့်ရရှိပါတယ်။ ခေါင်းပေါင်းကို ဆက်တိုက်ကြာရှည်စွာ ပေါင်းထားပါက ခေါင်းပေါ်ရှိ ပိုးထည်ချည်သည် ချွေး၊ အငွေ့များ၏ ထွက်ပေါက်ကို

အကန့်အသတ်ဖြစ်စေခြင်း၊ ဦးခေါင်း၏ ခေါင်းစွပ်ကွင်းသည်လျှင် နဖူးနှင့် နားထင်ကြောရှိ သွေးကြောများ၊ အာရုံကြောများကို အနည်းနဲ့အများဖိခြင်းများ ဖြစ်စေပါတယ်။ သို့ဖြစ်ပါ၍ ခေါင်းပေါင်းကို ကြာရှည်ပေါင်းခြင်းကြောင့် ဦးခေါင်းချွေး၊ အငွေ့ပြန်မှု အတားအဆီးဖြစ်ခြင်း၊ နဖူးနှင့် နားထင်ကြောများ၊ အာရုံကြောများအပေါ် ဖိအားသက်ရောက်ခြင်းကြောင့် ခေါင်းမူး၊ ခေါင်းဝေခြင်း၊ ဆံပင်ကျွတ်ခြင်းဖြစ်နိုင်ချေရှိပါတယ်။ မြန်မာ့ရိုးရာယဥ်ကျေးမှုရှုထောင့်အရတင်ပြရရင် ခေါင်းပေါင်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအတွက် လူမျိုးတိုင်း၏ ဝိသေသလက္ခဏာတစ်ခုဖြစ်ပါတယ်။ ခေါင်းပေါင်းကိုဦးခေါင်းတွင် အထွတ်အမြတ်ထား၍ ဆောင်းခြင်း၊ အလေးအနက်ထားခြင်း၊ မြင့်မြတ်ကြီးကျယ်ခြင်း၊ ရာထူးဂုဏ်သိမ်အင်္ဂါရပ်ဖြစ်ခြင်း၊ ခန့်ညားထည်ဝါသည့် အသွင်ဖြစ်စေခြင်းတို့အတွက် ပေါင်းကြပါတယ်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် အစဉ်အလာအရ မြန်မာနိုင်ငံလွှတ်တော် သမိုင်းကြောင်းအရ လွှတ်တော်အမတ်များ၊ ကိုယ်စားလှယ်များ၏ ဂုဏ်ထူးဝိသေသအဖြစ် ဝတ်စားဆင်ယင်ခြင်းဖြစ်ပါတယ်။ ခေါင်းပေါင်းဆောင်းထားခြင်းဖြင့် ပြည်သူလူထု၏ အမြင်ရှုထောင့်တွင် မိမိတို့ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအပေါ် နိုင်ငံအတွက် ဂရုပြုအလေးထားပြီး ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအဖြစ်သဘောထားရှိနိုင်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအပေါ်လည်း ရိုးရာအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးပြီး တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များအဖြစ်လည်းကောင်း၊ သဘောထားရှိနိုင်ပါတယ်။ သို့ပါ၍ ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ သဘောထားမှတ်ချက်မှာ နံပါတ်(၁) ကျန်းမာရေးရှုထောင့်အရ ဖိအားကြောင့်တင်းကြပ်မှု၊ ခိုးငွေ့ပိတ်မှု၊ ခေါင်းငြီးစီမှု၊ ဆံပင်ကျွတ်မှုများရှိနိုင်သော်လည်း ခေါင်းပေါင်း ပေါင်းခြင်းသည် ခန္ဓာကိုယ်ပျက်စီးဆုံးရှုံးပြီးတစ်နည်း အသက်အန္တရာယ်ရှိပြီး ရောဂါဖြစ်စေနိုင်သည့်အတိုင်းအတာတစ်ခုမဟုတ်ပါ။ နံပါတ်(၂) ခေါင်းပေါင်းသည် နိုင်ငံနှင့်လူမျိုးတို့၏ သွင်ပြင်လက္ခဏာ၊ ဝိသေသလက္ခဏာပြရုပ်များဖြစ်ခြင်းကြောင့် မူလအတိုင်းထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အာလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမရှိတဲ့အတွက်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ပြန်ကြားတဲ့ကော်မတီက ကျန်းမာရေးမြှင့်တင်မှုကော်မတီပါ။ ယဉ်ကျေးမှုမြှင့်တင်တဲ့ကော်မတီမဟုတ်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒါမေးခွန်းမဟုတ်ပါဘူး။ ဒါကို မေးခွန်းလို့မသတ်မှတ်ပါဘူး။ ဒါကြောင့် ကျွန်တော်ပဲထပ်ပြီးတော့ ရှင်းပါမယ်။ ဒါ ကျန်းမာရေးရှုထောင့်အရ တင်ပြတဲ့အတွက် ကျန်းမာရေး

မြှင့်တင်မှုကော်မတီက ဖြေကြားခြင်းဖြစ်ပါတယ်။ ယဉ်ကျေးမှုနဲ့အစဉ်အလာအရတော့ ခုနက ကျန်းမာရေးမြှင့်တင်မှုကော်မတီက ဖြေသွားသော်လည်း ကျွန်တော့်အနေနဲ့ ပြန်ပြီးတော့ ထပ်မံဖြေဖို့ လိုတယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ကျွန်တော်ထပ်မံဖြေပါမယ်။ အခု ကျွန်တော်တို့ ခေါင်းပေါင်း ပေါင်းတာ တစ်ရက်မှာဘယ်နှစ်နာရီရှိပါသလဲ။ ကဲကျွန်တော်တို့ ဆိုကြပါဆို့ ၁၀ နာရီမှာ လွှတ်တော် အစည်းအဝေးစတယ်။ နာရီဝက်ကြိုပေါင်းထားမယ်။ ၉း၃၀ က။ လွှတ်တော် သာမာန်အားဖြင့်တော့ အချိန်တစ်နာရီပဲ ကျွန်တော်တို့ လုပ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်နာရီခွဲကြာတဲ့အခါမှာ ခေါင်းပေါင်း ချွတ်လို့ရပါတယ်။ နာရီဝက်နားပါတယ်။ တစ်ခါပြန်စပါတယ်။ အချိန်တစ်နာရီ ပေါင်းချိန်ကြာပါတယ်။ ပြန်ပေါင်းပါမယ်။ ဒါကြောင့်မို့လို့ ခေါင်းပေါင်းပေါင်းတာက သာမာန်အားဖြင့်တော့ ကျွန်တော်တို့ လွှတ်တော်မှာ နှစ်နာရီခွဲသုံးနာရီလောက်ပဲရှိပါတယ်။ ဒီလိုပြောမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌက ခေါင်းပေါင်းလဲပေါင်းရတယ်။ ဒီဝတ်ရုံကြီးလည်းဝတ်ရတယ်။ ဒါပေမယ့် ဘာကြောင့်ခေါင်းပေါင်း ပေါင်းလဲ၊ ဒီလိုဝတ်ရုံဝတ်လဲဆိုရင် အစဉ်အလာနဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း ကျွန်တော်တို့ လေးစားလိုက်နာလို့ တစ်ဖက်ကသတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းလည်း လိုက်နာတဲ့အတွက်ဖြစ် ပါတယ်။ တင်ပြချက်အနေနဲ့ မေးခွန်းအနေနဲ့ မှန်သင့်သလောက်မှန်ပါတယ်။ အတိုင်းအတာအားဖြင့် ရာသီဥတုနဲ့တွက်မယ်ဆိုရင် ၁၀ ပုံ၊ တစ်ပုံမှန်ချင်မှန်ပါမယ်။ အပုံ ၉၀ ကတော့ ခုနက ပြောတဲ့အတိုင်း ဖြစ်တဲ့အတွက် လောလောဆယ် ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ ဝတ်စားဆင်ယင်မှုစည်းကမ်း နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာထပ်မံ ထုတ်ပြန်ခြင်းမရှိရင်တော့ ယခုအတိုင်းပဲ ဆောင်ရွက်ဖို့ဖြစ်တယ် ဆိုတာကို အားလုံးအသိပေးတင်ပြပါတယ်။ ဒီနေရာမှာ တန်းတူညီတူဖြစ်ခြင်း၊ မဖြစ်ခြင်းနဲ့ပတ်သက် ပြီးတော့ တင်ပြလိုပါတယ်ရှင်။ အမျိုးသမီးများကျတော့ တပ်မတော်သားများကျတော့ အခြေအနေ ပေါ်မူတည်ပြီးတော့ ဖြစ်တည်ခဲ့တဲ့ကိစ္စများဖြစ်ပါတယ်။ အကယ်လို့ ဟိုတုန်းက အမိန့် သို့မဟုတ် စည်းကမ်းချက်ထဲမှာ အမျိုးသမီးများ ခေါင်းပေါင်းပေါင်းရမယ်ဆိုရင်လည်း ခေါင်းပေါင်းပေါင်းကြရ မှာပဲ။ ဒါမို့လို့ အစဉ်အလာနဲ့စည်းကမ်းချက်မရှိ။ အဲ့ဒီတိုင်းပဲ တစ်ဖက်ကပြောမယ်ဆိုရင် အမျိုးသမီး များကျတော့ ပုဝါခြုံရတယ်ဆိုတာမျိုးလည်း ဖြစ်လာတယ်။ အဲ့ဒီတိုင်းပဲ တပ်မတော်သားများ ကိုယ်စားလှယ်များကတော့လည်း ဖိနပ်ကြီးတွေဝတ်ထားရတယ်။ အဲဒီလိုတွေဖြစ်လာနိုင်တဲ့အတွက် မတူညီတာတွေကို အတင်းတူညီအောင်လုပ်လို့ မရနိုင်တဲ့သဘောရှိတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်လက်ခံရမှာဖြစ်ပါတယ်။

**မူကြမ်း**

**ပျော်ဘွယ်မြို့နယ်ပေါ်တွင် မီးသတ်စခန်းတစ်ခုနှင့် ရန်အောင်၊ တောင်ကုန်း၊ ယင်းတော်နှင့် ရွှေညောင်ဖူး တိုက်နယ်တို့တွင် မီးသတ်စခန်းခွဲများချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသအတွင်းမှာ တည်ရှိပါတယ်။ ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာ ၃၁၇ ရွာရှိပါတယ်။ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများဟာ မီးဘေးအန္တရာယ်ကြောင့် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များ၊ မီးလောင် ပျက်စီးဆုံးရှုံးမှုများ၊ ကြုံတွေ့ခဲ့ရဖူးပါတယ်။ အတွေ့အကြုံများအရ မီးသတ်ကား အင်အားများများနဲ့ ဝိုင်းဝန်းငြိမ်းသတ်နိုင်မှ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ သက်သာရာရရှိနိုင်မည်ဖြစ်ပါတယ်။ လက်ရှိမီးသတ်စခန်းတစ်ခုဟာ ပျော်ဘွယ်မြို့ရဲ့တောင်ဘက်မှာရှိပြီးတော့ ပျော်ဘွယ်မြို့ရဲ့အနောက် ဘက်က နှစ်မိုင်၊ နှစ်မိုင်ခွဲခန့်ဝေးပါတယ်။ နောက် ကျွန်တော်တို့က မီးရထားလမ်း၊ သံလမ်းခံနေတဲ့ အတွက်ကြောင့် တစ်ခါတစ်ရံမှာ ဂိတ်ပိတ်ခြင်းများလည်း ကြုံတွေ့ပါတယ်။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မြို့ ၏မြောက်ပိုင်းတွင် မီးသတ်စခန်းခွဲတစ်ခုတိုးချဲ့၍ မီးသတ်ယာဉ်နှင့် ဝန်ထမ်းများ တိုးချဲ့ပေးရန်လည်း ကောင်း၊ ပျော်ဘွယ်မြို့၏ အနောက်ဘက် ရန်အောင်တိုက်နယ်၊ တောင်ညောင်ကုန်းတိုက်နယ်၊ ပျော်ဘွယ်မြို့မြောက်ဘက် ယင်းတော်တိုက်နယ်၊ ပျော်ဘွယ်မြို့အရှေ့ဘက် ရွှေညောင်ဖူးတိုက်နယ် တို့တွင် မီးသတ်စခန်းခွဲများ ချထားပေးခြင်းဖြင့် ပျော်ဘွယ်မဲဆန္ဒနယ်မြေမှ ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်များကို ထိရောက်စွာကာကွယ်ပေးနိုင်မည်ဖြစ်ပါ၍ မီးသတ်စခန်းများ ချထားပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ပြည်သူတို့၏ ရပိုင်ခွင့်ဖြစ်သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို ကန့်သတ်ထိန်းချုပ်သူ မြို့နယ်အုပ်ချုပ်ရေးမှူး၏အမိန့်အား ပြန်လည်ရုပ်သိမ်း ပေးရန်နှင့် တာဝန်ရှိသူကို ဥပဒေအရ အရေးယူပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေဝင်းက လက်မှတ်ရေးထိုးပြီးတော့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ပဲခူးမြို့အတွင်း အချက်အချာကျတဲ့နေရာအားလုံးနဲ့ ရပ်ကွက်များအတွင်း လမ်းသွယ်များမှာပါ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း၊ စုဝေးဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းမပြုရနယ်မြေအဖြစ် ကန့်သတ်ပိတ်ပင်အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီကန့်သတ်တဲ့နယ်မြေတွေကတော့ (က) ရန်ကုန်-ပဲခူး-တောင်ငူပုံမှန်လမ်း၊ ပဲခူးမြစ်ကူးတံတားမှ တပ်မ(၇၇)ရှေ့အထိ လမ်းတစ်လျှောက်နှင့် လမ်းဝဲ/ယာရှိ ညောင်ဝိုင်းတောင်၊ မြောက်၊ ဈေးပိုင်း၊ ကုန်းကြီး၊ ရုံးကြီး၊ မြို့သစ်၊ ဟံသာဝတီရပ်ကွက်များသို့ ဝင်/ထွက်သွားလာသော လမ်းသွယ်များ၊ (ခ) နာရီစင်လမ်းဆုံမှ ကန်ပနပ်ခတ်အားခွဲရုံရှေ့အထိ သနပ်ပင်လမ်းတစ်လျှောက်နှင့် ဝဲ/ယာရှိ လိပ်ပြာကန်၊ ရှင်စောပု၊ ကျောက်ဖူးကုန်း၊ နန်းတော်ရာ၊ ဘိုကုန်း၊ ဟသ်ာကုန်းရပ်ကွက်များသို့ ဝင်/ထွက်သွားလာသောလမ်းသွယ်များ၊ (ဂ) ရွှေမော်တောဘုရား မျက်နှာစာလေးဘက်နှင့် ဝဲ/ယာရှိ မြို့တွင်းကြီး၊ ဟံသာဝတီ၊ ရှင်စောပုရပ်ကွက်များသို့ ဝင်/ထွက်သွားလာသော လမ်းသွယ်များဆိုပြီးတော့ ပဲခူးတစ်မြို့လုံးနီးပါး လမ်းသွယ်များပါမကျန် ကန့်သတ်မိန့်ထုတ်ပြန်ထားပါတယ်။ ငြိမ်းချမ်းစွာ စုဝေးဟောပြောလှည့်လည် ဆန္ဒထုတ်ဖော်ခွင့်ကို မြို့ပြင်မှာပဲလုပ်ကြလို့ အမိန့်နဲ့ ကန့်သတ်ပိတ်ပင်လိုက်တာပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များ အပိုဒ် ၃၅၄ မှာ နိုင်ငံသားတိုင်းဟာ (က) မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ (ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်က သဘောတူပြီးတော့ ပြင်လိုက်တဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေမှာဆိုလို့ရှိရင် ဥပဒေအခန်း(၄)မှာ ပုဒ်မ ၅ ကို

အောက်ပါအတိုင်း အစားထိုးရမယ်လို့ ပြင်ထားတာရှိပါတယ်။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက် ရရှိရန် သတ်မှတ်တင်ပြလျှောက်ထားချက်ကို လက်ခံရရှိတဲ့အခါ သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရဲ့အတည်ပြုချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမယ်လို့ ဖော်ပြထား ပါတယ်။ ဒီပြင်လိုက်တဲ့ဥပဒေအရဆိုလို့ရှိရင် ကျွန်တော်တို့က အကြောင်းကြားလာ ခွင့်ပြုမှုပေးရမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ထုတ်ပြန်ထားတဲ့အမိန့်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်ထားတဲ့ နိုင်ငံသားတိုင်းရဲ့ မူလအခွင့်အရေးကို ဟန့်တားပိတ်ပင်ပြီးတော့ ဥပဒေကို ကျော်လွန်လုပ်ဆောင်တာပဲဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သူက တာဝန်နှင့်လုပ်ပိုင် ခွင့်ကိုကျော်လွန်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်လုပ်ဆောင်တာဟာ ပြည်သူ လူထုရဲ့ အထွေထွေ မကျေနပ်မှုကိုဖြစ်ပေါ်စေပြီး တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးကို ကြီးစွာအနှောင့်အယှက်ဖြစ်စေပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူတို့ရဲ့ရပိုင်ခွင့်ဖြစ်တဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ကန့်သတ်ထိန်းချုပ်တဲ့ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးရဲ့အမိန့်အား ပြန်လည် ရုပ်သိမ်း၍ တာဝန်ရှိသူကို ဥပဒေအရ အရေးယူပေးနိုင်ခြင်းရှိ/မရှိသိလို၍ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းချက်ကို ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည် ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခု မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ကပထမဦးစွာရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ၉ ရပ်ကွက်၊ အိမ်ခြေကျေးရွာအုပ်စုပေါင်း ၇၅ အုပ်စု၊ ကျေးရွာ ၃၁၇ ရွာ၊ အိမ်ခြေ

၅၄၄၁၄၊ အိမ်ထောင်စု ၅၅၈၈၅ စု၊ လူဦးရေ ၂၆၃၉၅၃ ဦး၊ ဌာနဆိုင်ရာ အဆောက်အဦ ၃၅ လုံးနှင့် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံ ၁၇ ရုံရှိပါတယ်။ ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှာ လက်ရှိ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးမီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁ ဦး၊ မီးငြိမ်းသတ် ယာဉ် ၃ စီး၊ မီးသတ်ရေသယ်ယာဉ် ၂ စီး၊ မီးသတ်စက်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၆ စီး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၈၀၀ ဦးတို့နှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပျော်ဘွယ်မြို့နယ် ရန်အောင်တိုက်နယ်မှာ အိမ်ခြေ ၁၀၁၆ လုံး၊ အိမ်ထောင်စု ၁၀၇၂ စု၊ လူဦးရေ ၄၅၅၀ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၁ လုံး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးရှိပါတယ်။ ရန်အောင် တိုက်နယ်ဟာ ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနဲ့ ၇ မိုင်အကွာအဝေးမှာတည်ရှိပြီး အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် ၆ စီးက ရောက်ရှိ ငြိမ်းသတ်နိုင်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းတိုက်နယ်မှာ အိမ်ခြေ ၁၅၃၅ လုံး၊ အိမ်ထောင်စု ၁၅၃၅ စု၊ လူဦးရေ ၇၀၆၈ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၂ လုံး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၃၀ ဦးရှိပါတယ်။ တောင်ညောင်ကုန်းတိုက်နယ်ဟာ ပျော်ဘွယ်မြို့နယ်မီးသတ်စခန်းနဲ့ ၂၀ မိုင်အကွာအဝေးမှာတည်ရှိပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းမှ မီးသတ်ယာဉ် ၆ စီးနဲ့ သွားရောက်ငြိမ်းသတ်နိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ နယ် ယင်းတော်ကုန်းတိုက်နယ်မှာ အိမ်ခြေ ၁၂၈၉ လုံး၊ အိမ်ထောင်စု ၁၄၁၁ စု၊ လူဦးရေ ၆၈၉၅ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၃ လုံး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦးရှိပါတယ်။ ယင်းတော်ကုန်းတိုက်နယ် ဟာ ပျော်ဘွယ်မြို့နယ်မီးသတ်စခန်းနဲ့ ၁၂ မိုင်အကွာအဝေးမှာတည်ရှိပြီး အရေးပေါ်မီးလောင်မှု ဖြစ်ပွားပါက ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် ၆ စီးနဲ့ ငြိမ်းသတ်နိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးတိုက်နယ်ဟာ အိမ်ခြေ ၁၂၃၇ လုံး၊ အိမ်ထောင်စု ၁၂၃၇ စု၊ လူဦးရေ ၆၀၇၀ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၂ လုံး၊ အရန်မီးသတ်တပ်ဖွဲ့ ဝင် ၂၀ ဦးရှိပါတယ်။ ရွှေညောင်ဖူးတိုက်နယ်ဟာ ပျော်ဘွယ်မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနဲ့ ၁၆ မိုင် အကွာအဝေးမှာတည်ရှိပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း မှ မီးသတ်ယာဉ် ၆ စီးနဲ့ မီးငြိမ်းသတ်နိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ၂၀၀၄-၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့အထိ ၁၀ နှစ်တာကာလ အတွင်းမှာ မီးလောင်မှု ၃၀ ကြိမ် ဖြစ်ပွားခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၄၀၅၂၀၅၀ ဆုံးရှုံးခဲ့ရာ ရန်အောင်တိုက်နယ်မှာ မီးလောင်မှု

နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀ နဲ့ ယင်းတော်တိုက်နယ်မှာ မီးလောင်မှုသုံးကြိမ်ဖြစ်ပွားခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၂၀၀၀ ဆုံးရှုံးခဲ့ပါတယ်။ တောင်ညောင်ကုန်းတိုက်နယ်နဲ့ ရွှေညောင်ဖူးတိုက်နယ်တို့မှာ ၁၀ နှစ်အတွင်းမီးလောင်မှုမရှိကြောင်း စိစစ်သိရှိရပါတယ်။

ပျော်ဘွယ်မြို့နယ်မှာ ဦးစီးအရာရှိ ဦးစီးအင်အား ၉ ဦးပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး ၁ ရုံး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး၊ မီးသတ်စက်ယာဉ် ၁ စီး စုစုပေါင်းမီးသတ်ယာဉ် ၄ စီးပါတဲ့ မြို့နယ်မီးသတ်စခန်းတစ်ခုနဲ့ လက်ထောက်မီးသတ်မှူးဦးစီးအင်အား ၉ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး၊ စုစုပေါင်းမီးငြိမ်းသတ်ယာဉ် ၂ စီးပါဝင်တဲ့ နယ်မြေမီးသတ်စခန်းတစ်ခုတို့ဖွင့်လှစ်ရန် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါတယ်။ ပျော်ဘွယ်မြို့နယ်မှာ မီးသတ်စခန်း ၁ ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်စပ်လည်းလို့ ပျော်ဘွယ်မြို့ ရွှေပြည်ရန်အောင်ရပ်ကွက် အကွက်အမှတ်(၅၇/၁ ပြည်သာယာ)မှာရှိတဲ့ (၁၇၅ x ၁၅၀) ပေ (၀.၆၀၂ ဧက) မြေနေရာမှာ နယ်မြေမီးသတ်စခန်းဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်များနဲ့ မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များဆောက်လုပ်ပေးရန် မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဘဏ္ဍာငွေတင်ပြတောင်းခံသွားရန် စီစဉ်ထားရှိပြီး ခွင့်ပြုမိန့်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားတိုးချဲ့ပေးရန်နှင့်စပ်လျဉ်းလို့ မီးသတ်ဦးစီးဌာနရဲ့ သတ်မှတ်ဖွဲ့စည်းပုံနှင့်အညီ ပြည့်မီနိုင်ရေးအတွက် ဝန်ထမ်းအင်အားများစုဆောင်းလျက် နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးဌာနများသို့ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်များနှင့် ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေနဲ့ မီးသတ်စခန်းနဲ့ မီးသတ်ယာဉ်များဖြည့်တင်းရေး ဦးစားပေးအဆင့်သတ်မှတ်ရာမှာ မြို့တော်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များရုံးစိုက်ရာ မြို့နယ်၊ မြို့ ကျေးရွာအုပ်စုစတဲ့အစီအစဉ်အပြင် အိမ်ခြေနဲ့ လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ/အလုပ်ရုံတည်ရှိမှု၊ ၁၀ နှစ်အတွင်း မီးလောင်မှုအကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ် ဝင်/ထွက်နိုင်တဲ့လမ်းများ စတဲ့အချက်အပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာရှိတဲ့ ရန်အောင်တိုက်နယ်၊ တောင်ညောင်ကုန်းတိုက်နယ်၊ ယင်းတော်တိုက်နယ်နဲ့ ရွှေညောင်ဖူးတိုက်နယ်တို့ဟာ တိုက်နယ်အဆင့်သာဖြစ်တဲ့အတွက် မီးသတ်စခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ နိုင်ငံများဟာ မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေရှိတဲ့ နိုင်ငံရေးစနစ်နဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့နိုင်ငံတွေကို လေ့လာကြည့်မယ်ဆိုရင် အဆိုပါနိုင်ငံများဟာ နိုင်ငံအတွင်းမှာ ထုတ်ပြန်ထားရှိတဲ့ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးလျက်တည်ငြိမ်အေးချမ်းစွာ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးမူဝါဒများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ အစပြုလို့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ပြီး အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာမှာ ယခုအခါ နိုင်ငံတကာအသိအမှတ်ပြုလာတဲ့အပြင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပါတီစုံဒီမိုကရေစီစနစ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာမှာ ပါတီစုံဖြစ်တာနဲ့အညီ မိမိတို့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လိုလားချက်များနှင့် ဆန္ဒတွေသည် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းများ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းလို့ ထပ်တူ တူညီနိုင်မှာမဟုတ်သလိုပဲ ပြည်သူတစ်ယောက်ချင်းစီရဲ့ဆန္ဒ၊ လိုလားချက်နှင့် ထင်မြင်ယူဆချက်များဟာလည်း တူညီနိုင်မှာမဟုတ်ပါဘူး။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ မဆန့်ကျင့်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိတယ်ဟူ၍ ပြဋ္ဌာန်းထားတဲ့အလျောက် နိုင်ငံသားများက ဒီအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်ချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေနှင့် နည်းဥပဒေတို့ကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပုဒ်မ ၁၀ မှာ

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စပ်လျဉ်းလို့ ခွင့်ပြုမိန့်မှာ သတ်မှတ်ပေးထားတဲ့နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)မှာ အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း၊ ဖြစ်နိုင်သည့်အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရဟူ၍လည်းကောင်းစသည်ဖြင့် စည်ကမ်းသတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လိုလားချက်များနှင့်ဆန္ဒများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့်အညီ ရယူဆောင်ရွက်နိုင်ပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေအရခွင့်ပြုပေးလျက်ရှိပါတယ်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ချက်များကို လွတ်လပ်စွာထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းစတဲ့အခွင့်အရေးများကို သုံးစွဲဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေရဲ့ ရည်ရွယ်ချက်ကို ယင်းဥပဒေပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားရာ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျသုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အားဥပဒေအရ အကာအကွယ်ပေးရန်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)မှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန် ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာအခွင့်အရေးများဟာ

မျက်မှောက်ခေတ်မှာ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းလာပြီဖြစ်ပါတယ်။ သို့ဖြစ်ရာ ပွင့်လင်းမြင်သာလာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ လူမှုရေး၊ ဘာသာရေး မတူကွဲပြားခြားနားမှုကို အကြောင်းပြုလို့ သဘောထားချင်းမတိုက်ဆိုင်သူတို့က မကျေနပ်မှုများ ရှေ့တန်းတင်လာရာကနေစပြီး သွေးထိုးလှုံ့ဆော်မှုများနှင့် တိုက်ခိုက်လိုမှုများကြောင့် ဘာသာရေးနှင့် လူမှုရေးကိုအကြောင်းပြုလျက် ပဋိပက္ခများဖြစ်ပွားခဲ့ရကြောင်းတွေ့ရှိခဲ့ရပါတယ်။ လက်ရှိအခြေအနေမှာဖြစ်ပွားခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများကို ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနှင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီးနှင့် မိုင် ၅၀ ကျော်သာကွာဝေးခြင်း၊ တိုင်းဒေသကြီးရဲ့ အချက်အချာ စည်ကားသောမြို့ဖြစ်ခြင်း၊ ရန်ကုန်-မန္တလေးကားလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်းကြီးတို့ဟာ ပဲခူးမြို့လယ်မှာ ဖြတ်သန်းသွားလာခြင်း၊ ပဲခူးမြို့နေ လူဦးရေ နှစ်သိန်းကျော်ရှိခြင်းတို့ကြောင့် မြို့တွင်းနေပြည်သူလူထု၏ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများအပြင် မြန်မာနိုင်ငံအထက်ပိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ကုန်သွယ်ကူးသန်းသွားလာနေတဲ့ ၂၂ ဘီးတွဲ မော်တော်ယာဉ်များအပါအဝင် နေ့စဉ် ကုန်တင်ယာဉ်မျိုးစုံ အတက်ယာဉ်စီးရေ ၁၂၀၀ ကျော်၊ အဆင်းယာဉ် ၁၃၀၀ ကျော်ခန့် လူနှင့်ယာဉ်များ ထူထပ်စွာဖြတ်သန်းသွားလာလျက်ရှိပါတယ်။ မူလပဲခူးမြို့ဟာ ပဲခူးမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာ တည်ရှိပြီး ပဲခူးမြို့မဈေး အမှတ်(၁) အစိုးရအထက်တန်းကျောင်းနှင့် အမှတ်(၃) အစိုးရအထက်တန်းကျောင်း၊ ပဲခူးပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ပဲခူးတိုင်းဒေသကြီး/ခရိုင်/မြို့နယ် တရားရုံးများရှိတဲ့အတွက် လူနှင့်ယာဉ်များ အလွန်စည်ကားရှုပ်ထွေးနေတဲ့နေရာလည်းဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အမိန့်စာမှာပါတဲ့ လမ်းသွယ်များဟာလည်း ပဲခူးမြို့ကို အနယ်နယ်အရပ်ရပ်မှ လာရောက်ကြတဲ့ ရောင်းဝယ်ဖောက်ကားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာကြသူများနှင့် ယာဉ်များနဲ့ ရှုပ်ထွေးစည်ကားလျက်ရှိပါတယ်။

ယခုအခါ ပဲခူးမြို့ဟာ ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် ပဲခူးမြစ်နဲ့အရှေ့ဘက်ခြမ်းနဲ့ ပဲခူးမြစ်ရဲ့အနောက်ဘက်ခြမ်းဆိုပြီးတော့ နှစ်ပိုင်းရှိတဲ့နေရာမှာ ၂၀၁၃ ခုနှစ်အတွင်းမှာ ရန်ကုန်-မန္တလေးကားလမ်းအရှည် ၄ မိုင်ခန့်ရှိတဲ့ ပဲခူးမြစ်အနောက်ဘက်ခြမ်းမှာ ယာဉ်တိုက်မှု ၁၉ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၈ ဦး၊ ဒဏ်ရာရသူ ၂၁ ဦးနဲ့ ရန်ကုန်-မန္တလေးလမ်းအရှည် ၂ မိုင်ခန့်ရှိတဲ့ ပဲခူးမြစ်ရဲ့အရှေ့ဘက်အခြမ်းမှာ ယာဉ်တိုက်မှု ၄၀ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄ ဦး၊ ဒဏ်ရာရသူ ၃၇ ဦး ရရှိခဲ့ကြောင်း သိရှိရပါ

တယ်။ သို့ဖြစ်ရာ ပဲခူးမြစ်၏အရှေ့ဘက်ခြမ်းဟာ အနောက်ဘက်ခြမ်းထက် အရှည်အားဖြင့် တစ်ဝက်သာရှိသော်လည်းပဲ ယာဉ်တိုက်မှုမှာ နှစ်ဆကျော်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးမြစ်ရဲ့အရှေ့ဘက်ခြမ်းရှိ Main Road ဖြစ်တဲ့ ရန်ကုန်-မန္တလေးပုံမှန်လမ်းဝဲ/ယာမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းအဆင့်ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ ကျောင်း၊ ဈေးများဖြင့် လူသွားလူလာ၊ ယာဉ်အသွားအလာထူထပ်များပြားလို့ မတော်တဆယာဉ်တိုက်မှုများကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိတဲ့အတွက်လည်းကောင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ အခန်း(၅)၊ စည်းကမ်းသတ်မှတ်ချက်များ၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) အရ အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ဖြစ်တန်ရာဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း၊ ဖြစ်နိုင်သည့်အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရနှင့် ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)အရ ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရဟူသော စည်းကမ်းသတ်မှတ်ချက်များအရလည်းကောင်း အဆိုပါအမိန့်ကို ထုတ်ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ယခုအချိန်ကာလဟာ ဒီမိုအရေစီအသွင် ကူးပြောင်းရေးကာလဖြစ်ပါတယ်။ ပြည်သူများအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတက်မှုလုပ်ငန်းစဉ်များကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အစပျိုးနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံရေးစနစ်တစ်ခုမှ အခြားနိုင်ငံရေးစနစ်တစ်ခုသို့ ကူးပြောင်းရာမှာ ဘေးပယောဂကင်းကင်းနဲ့ အေးချမ်းတည်ငြိမ်စွာကူးပြောင်းနိုင်ရန် ပြည်သူများကို အဆိုပါစနစ်ရဲ့ကျင့်စဉ်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုံလောက်တဲ့အချိန်ရယူရမှာဖြစ်သဖြင့် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ရာ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ

စီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျသုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့ကို ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူကိုအနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှကာကွယ်ရန်၊ မိမိနယ်မြေအတွင်းမှာ တည်ငြိမ်အေးချမ်းစေရန်နဲ့ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများမဖြစ်ပေါ်စေရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့်အညီ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ကစပြီး ပဲခူးမြို့အတွင်း အချက်အချာကျတဲ့နေရာအားလုံး၊ ရပ်ကွက်အတွင်းလမ်းများမှာပါ ငြိမ်းချမ်းစွာစုဝေးဟောပြောခြင်းနှင့် စီတန်းလှည့်လည်ခြင်းများမပြုလုပ်ရန် ကန့်သတ်ပိတ်ပင်မိန့်ထုတ်ပြန်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိနယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်ခွင့်ပြုချက်တို့ကို ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ အရေးကြီးရုံး၊ ဌာန၊ အဆောက်အအုံများ တိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ နေရာပတ်ဝန်းကျင်၊ အများပြည်သူအသုံးပြုနေတဲ့ အချက်အချာကျပြီးတော့ လူစည်ကားတဲ့နေရာများမှာ လမ်းပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှုများနဲ့ မတော်တဆယာဉ်တိုက်မှုများမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့ ခွင့်ပြုချက်တို့နဲ့အညီ ဤအမိန့်ကိုထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ၍ အဆိုပါအမိန့်ထုတ်ပြန်ခဲ့တဲ့ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးအားဥပဒေအရ အရေးယူဆောင်ရွက်ရန်မရှိပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ထုတ်ပြန်ခဲ့တဲ့ ဤအမိန့်ကိုလည်းပြန်လည်ပြင်ဆင် ရုပ်သိမ်းရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ကျွန်တော်တို့ ပဲခူးမြို့ဟာ ယာဉ်အသွားအလာတွေ ရှုပ်ထွေးတယ်ဆိုတာ တစ်စုံတစ်ရာတော့ ကျွန်တော် လက်ခံနိုင်ပါတယ်။ ဈေးတွေ၊ ကျောင်းတွေ၊ ရုံးတွေရှိတဲ့နေရာကို ကန့်သတ်တယ်ဆိုရင်တော့ ကျွန်တော်တို့က မပြောလိုပါဘူး။ သို့သော် ကျွန်တော်တို့ ပဲခူးတစ်မြို့နယ်လုံးနေရာအနှံ့အပြားနီးပါးပေါ့။ ကျွန်တော်တို့ ပဲခူးရွှေမှော်ဓောဘုရားပွဲ နှစ်စဉ်ပြုလုပ်တဲ့အခါမှာ

ဆိုရင် လူသောင်းနဲ့ သိန်းနဲ့ချီပြီးတော့ လှည်းပေါင်းမြောက်များစွာတောင် ကျွန်တော်တို့ မြို့ထဲကို ဝင်/ထွက်လို့ရပါတယ်။ အဲ့ဒီလိုနေရာမျိုးတွေမှာပါ၊ သာမန်တစ်ခြားနေရာတွေမှာပါ ရပ်ကွက်တွေ၊ လမ်းကြိုလမ်းကြားနှင့် ပဲခူးကနေပြီးတော့ သနပ်ပင်လမ်းတစ်လျှောက်လုံး၊ ပဲခူး-တောင်ငူ-ရန်ကုန် လမ်းတစ်လျှောက်လုံးမှာပါ ပိတ်ပင်တယ်ဆိုတာကတော့ ဒါဟာ ပြည်သူလူထုရဲ့ မူလရပိုင်ခွင့်အခွင့် အရေးကို အခြေခံဥပဒေက ပေးထားတဲ့အခွင့်အရေးကို ချိုးဖောက်တယ်လို့ ကျွန်တော်က ယူဆပါ တယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးတော့ ဥက္ကဋ္ဌကြီးကို အနူးအညွတ်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့ရဲ့အမိန့် ကြော်ငြာစာအမှတ်(၇/၂၀၁၃) ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ ကြေညာစာအပိုဒ် ၃ မှာ ကန့်သတ် ချက်နဲ့ပတ်သက်ပြီးတော့ ကန့်သတ်ချက်ဟာ သာမန်ဘာသာရေးဆိုင်ရာလုပ်ငန်းများဖြစ်တဲ့ တရားပွဲ ကျင်းပခြင်း၊ ရဟန်းခံ၊ ရှင်ပြုခြင်း၊ ရှင်လောင်းလှည့်လည်ခြင်း၊ ဘုံကထိန်လှည့်လည်ခြင်း၊ ဘာသာရေး ဆိုင်ရာစုဖွဲ့လှုပ်ရှားမှု၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာစုဖွဲ့လှုပ်ရှားမှုများနဲ့ မသက်ဆိုင်စေ ရဆိုပြီးတော့ ဖော်ပြတားမြစ်ထားတာဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄ ပုဒ်မခွဲ(ခ)မှာလည်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့မဆန့်ကျင်လျှင်ဆိုပြီးတော့ ဖော်ပြထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီပဲခူးမြို့နယ်အတွင်းမှာ ထုတ်ပြန်ထားတဲ့အမိန့်နဲ့ပတ်သက်ပြီးတော့မှ ဒီဖော်ပြထားတဲ့ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ)နဲ့ မဆန့်ကျင်ဘူးဆိုလို့ရှိရင်တော့ ဒါဆောင်ရွက်လို့ရနိုင်ကြောင်းနှင့် အခုလက်ရှိ အနေအထားမှာတော့ ဒီထုတ်ပြန်ထားတဲ့အမိန့်၊ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**တမူးမြို့နယ်၊ မြို့သစ်မြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲရှိ ကျေးရွာချင်းဆက်လမ်းများအား ကျောက်ချော လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက ၂၀၁၄-၂၀၁၅ ပြည့် စွက်ဘတ်ဂျက်နှင့် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်များတွင် မည်သို့ထည့်သွင်းစီမံပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ

စေလို့ ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူများနဲ့ တွေ့ဆုံပွဲသွားရောက်တဲ့အခါမှာ ဒေသခံပြည်သူများက လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တင်ပြမှုအပေါ် ပြည်သူများရဲ့ဆန္ဒကို အလေးထားပြီး လွှတ်တော်မှ မေးမြန်းရခြင်းဖြစ်ပါတယ်။ တမူးခရိုင်မှာ တမူးမြို့နယ်၊ မြို့သစ်မြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲရှိတဲ့အတွက် မြို့နယ်ခွဲအသီးသီးရဲ့ တင်ပြချက်များကို ဖတ်ကြားတင်ပြသွားပါမယ်။

မြို့သစ်မြို့နယ်ခွဲ ပြည်သူများရဲ့တင်ပြချက် များကတော့ မြို့သစ်-ရာနိုး-ဖိုင်ရန်-တုံးကျော်လမ်းအား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးရန်၊ လှည်းဆိပ်-နောင်ကတ်ရွာဟောင်း ကျေးလက်လမ်းအား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးရန်၊ တမူးမြို့နယ်ပြည်သူများရဲ့ တင်ပြချက်များကတော့ ချောင်း အရှေ့ဘက်ကမ်းရွာများဖြစ်ကြတဲ့ ရေနန်း-ရေအေး-အလှော်-ပွတ်သာကျေးရွာချင်းဆက်လမ်းများအား မြေသားလမ်းဖောက်လုပ်ပြီး ကျောက်ချောလမ်းခင်းပေးရန်၊ တမူး-အူးစူး-သာယာကုန်း ကျေးလက်လမ်းအား ကျောက်ချောလမ်းဆောင်ရွက်ပေးရန်၊ ပန်းသာ-အင်ဒိုင်း-အလှော်ကျေးလက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်၊ ခမ်းပါတ်မြို့နယ်ခွဲ ပြည်သူများရဲ့ တင်ပြချက်များကတော့ ရန်လင်းဖိုင်-ပွတ်သာကျေးလက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်၊ ဇီးဖြူကုန်း-ရွာသာကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းဖောက်လုပ်ပေးရန်နှင့် ကျောက်ချောလမ်းခင်းပေးရန် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) အထက်ဖော်ပြပါမြေသားလမ်းအသစ်ဖောက်လုပ်ခြင်းနဲ့ အမာခံကျောက်ချောလမ်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ မေးခွန်း(၂) ရှိပါက ၂၀၁၄-၂၀၁၅ ဖြည့်စွက်ဘတ်ဂျက်နှင့် ၂၀၁၅-၂၀၁၆ ဖြည့်စွက်ဘတ်ဂျက်များတွင် မည်သို့ထည့်သွင်းလျာထားပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပဲခူးတိုင်းဒေသကြီးအတွင်း အမြန်ကားလမ်းမကြီးနှင့်ယှဉ်၍ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ပေးထားတဲ့အတွက် ယခင်က ၁၄ နာရီခန့်သွားရတဲ့ခရီးကို ယခု ရှစ်နာရီခန့်နဲ့ အရောက်သွားနိုင်ခြင်း၊ အဆင့်မြင့်လေအိတ်ဘတ်(စ်)ကားကြီးများစီး၍ သွားလာရခြင်းတို့ကြောင့် အချိန်တိုအတွင်း မြန်မာနိုင်ငံရဲ့ အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်းသွားလာနေရတဲ့ ခရီးသွားလုပ်သားပြည်သူများ အလွန်အဆင်ပြေစွာ သွားလာနေရပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း အမြန်လမ်းမကြီးနှင့်ယှဉ်လျက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးထားတဲ့အတွက် ၎င်းရွာသားများ စက်ဘီး၊ ဆိုင်ကယ်များ စီးနင်းသွားလာအဆင်ပြေနေတာလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းအတွင်းမှာတော့ အမြန်လမ်းမကြီးနှင့်ယှဉ်ပြီးတော့ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးထားခြင်း မရှိသေးပါဘူး။

သို့ရာတွင် ကားများမောင်းနှင်တဲ့ ကွန်ကရစ်လမ်းရဲ့ဘေး မြေသားလမ်းပေါ်မှာ ဂရေဒါဖြင့်ခြစ်ပေးထားတဲ့ မြေနီလမ်းပေါ်မှာ အခြားမြို့နယ်များ၌ ဆိုင်ကယ်များ၊ စက်ဘီးများ စီးနင်းသွားလာနေကြသည်ကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒိုက်ဦးမြို့နယ်အတွင်း ကျေးရွာသားများမှ ၎င်းမြေနီလမ်းပေါ်တွင် ဆိုင်ကယ်၊ စက်ဘီးများစီးနင်းလာပါက အမြန်လမ်းရဲစခန်းမှ ဖမ်းဆီးအရေးယူခြင်းများခံနေရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) ပဲခူးတိုင်းဒေသကြီးအတွင်း အမြန်ကားလမ်းမကြီးနှင့်ယှဉ်၍ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ၊ (၂) ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မပြီးစဉ်မှာ အမြန်လမ်းဘေး မြေသားလမ်းပေါ်မှာ စက်ဘီး၊ ဆိုင်ကယ်များ စီးနင်းခွင့်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာသားများ ကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ရပ်စောက်မြို့နယ်၊ မုံပြင်-ဗထူးကျေးလက်လမ်း (၁၈)မိုင်ကို နှစ်အလိုက် စီမံချက်ချမှတ်ဆောင်ရွက်ပေး မည့်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု၊ ကျေးရွာ များနှင့် မြို့ဆက်သွယ်သော မုံပြင်-ဗထူးကျေးလက်လမ်းနှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် တတိယပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် တင်သွင်းမေးမြန်းခဲ့ပြီးသော ရပ်စောက်မြို့နယ်၊ မားသဲ ကျေးရွာအုပ်စု ကျေးရွာ ၁၃ ရွာမှ ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မုံပြင်-ဗထူးကျေးလက်လမ်း လမ်းအရှည် ၁၈ မိုင်အား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာနေပြည်သူများမှ ကိုယ့်အား ကိုယ်ကိုး ငွေကျပ် ၅၈ သိန်းဖြင့် မြေသားလမ်းဆောင်ရွက်ခဲ့ကြောင်း တင်ပြခဲ့ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနမှ ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များရှိ/မရှိ မေးမြန်းခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မားသဲကျေးရွာအုပ်စု၊ မုံပြင်-ဗထူးကျေးလက်လမ်းနှင့် ပတ်သက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးရန်ပုံငွေမှ ကျောက်ချောလမ်း ၃ ဖာလုံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၃ မိုင် ၂ ဖာလုံ၊ ခွင့်ပြုရန်ပုံငွေများရရှိဆောင် ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ကျောက်ချောလမ်း ၂ မိုင် ၄ ဖာလုံနှင့် မြေသားလမ်း ၄ မိုင် ၄ ဖာလုံ ခွင့်ပြုရန်ပုံငွေရရှိပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း မုံပြင်-ဗထူးကျေးလက် လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားခြင်းမရှိဟု ကြားသိရသည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီးသော မြေသားလမ်း ၄ မိုင် ၄ ဖာလုံ မပျက်ဆီး/မဆုံးရှုံးနိုင်စေရန်နှင့် မားသဲကျေးရွာအုပ်စုကျေးရွာ ၁၃ ရွာမှ ဒေသထွက်ကုန် ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရန် အဓိကကုန်ထုတ်လမ်းမကြီးအဖြစ် ပြည်သူများအကျိုးရှိစွာ အသုံး

ပြုဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ကျောက်ချောလမ်း ဆက်လက်ခင်းပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မုံပြင်-ဗထူးကျေးလက်လမ်းအရှည် ၁၈ မိုင်အနက် ကျန်မိုင် ၁၁ မိုင် ၆ ဖာလုံကို နှစ်အလိုက်စီမံချက်ချမှတ်ဆောင်ရွက်ပေးများ ရှိ/မရှိနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့်မြေသားလမ်း ၄ မိုင် ၄ ဖာလုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်၍ ကျေးလက်ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်များရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ကိုယ်စား အမှန်တကယ် လိုအပ်ချက်များဖြစ်ပါ၍ လေးစားစွာဖြင့်တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုင်းပြင်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာအတွက် ကျေးရွာချင်းဆက်တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံခညောင်းပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာချင်းဆက်တံတားပြုလုပ်နိုင်ရေးနှင့်ပတ်သက်ပြီး မေးခွန်းအဖြစ် တင်ပြမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ မိုင်းပြင်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စုမှာ နားညောင်ဆိုတဲ့ကျေးရွာတစ်ရွာရှိပါတယ်။ အဲ့ဒီရွာမှာ ရှမ်းတိုင်းရင်းသားလူမျိုး အများဆုံးနေထိုင်ကြပြီး မိုင်းပြင်းမြို့နယ်နဲ့ ရှစ်မိုင်ခန့်အကွာမှာ တည်ရှိတဲ့ရွာဖြစ်ပါတယ်။ ပထဝီမြေပြင်အနေအထားအရ ကျေးရွာက ကျွန်တော်တို့ နမ့်ပိန်းချောင်းမြေက ပတ်လည်စီးဆင်းပြီး မိုင်းပြင်း-မိုင်းဆတ်လမ်းနှင့် သီးခြားအဖြစ်တည်ရှိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ငယ်ငယ်တောက သင်ကြားခဲ့တဲ့ မြေပတ်လည်ဝန်းရံလျက်ရှိတဲ့ ကုန်းမြေကို ကျွန်းလို့ခေါ်တယ်ဆိုတဲ့ စကားအတိုင်းပဲ အဲ့ဒီ နားညောင်ကျေးရွာဟာ ကျွန်တော်တို့ ချောင်းရဲ့တစ်ဖက်ကမ်းမှာရှိပြီးတော့မှ သီးခြားရွာအဖြစ် ကျွန်းသဖွယ်ဖြစ်နေပါတယ်။ မိုးရာသီရောက်

တဲ့အခါကျတော့ ရေတွေကြီးပြီး ရေတွေလျှံ၊ ရေတွေပတ်လည်ဝန်းရံတဲ့အတွက် ကျွန်တော်တို့ လမ်းမကြီးကို ရောက်ဖို့ဆိုလို့ရှိရင် ရေကျတဲ့အခါကျမှပဲ သွားလာကူးလူးဆက်ဆံနိုင်တာဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ အဲ့ဒီနားညောင်ကျေးရွာမှာ အင်မတန်မှ လိုအပ်နေတဲ့ကျေးရွာချင်းဆက်တံတားအမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိလို့ရှိရင်လည်း ဘယ်ကာလမှာဆောက်လုပ်ပေးမှာဖြစ်ပြီး မရှိတဲ့အခါကျတော့ ဘာကြောင့်မရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ မေးခွန်းအဖြစ် တင်ပြမေးမြန်းခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် လေးဦးရဲ့တင်ပြချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့ မေးခွန်းကိုစတင်ပြီးတော့ ဖြေကြားပေးမှာဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့သစ်မြို့နယ်ခွဲ၊ တမူးမြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲများမှာ တင်ပြတဲ့ ကျေးလက်ချင်းဆက်လမ်း ခုနစ်လမ်းအတွက် စုစုပေါင်း မိုင်အားဖြင့်ပြောရင် မြေသားလမ်း ၁၈ မိုင်နှင့် ကျောက်လမ်း ၄၁ မိုင်တို့အတွက် ခန့်မှန်းခြေအားဖြင့် ဒါတွေကိုဆောင်ရွက်မယ်ဆိုလို့ရှိရင် ၁.၅ ဘီလီယံ ၁၅၁၇.၄၂၄ သန်း ကုန်ကျမယ်လို့ခန့်မှန်းရရှိပါတယ်။ ပထမလမ်းကတော့ မြို့သစ်မြို့နယ်ခွဲမှာရှိပြီးတော့ မြို့သစ်-ရာနိုး-ဖိုင်ရန်-တုံးကျော်လမ်းကို ကျောက်ခင်းလမ်း လေးမိုင်၊ မြေသားလမ်း သုံးမိုင် တာဘောင်မြှင့်တင်ခြင်းဆောင်ရွက်မယ်ဆိုရင် ခန့်မှန်း ၂၁၆.၆၉ သန်းကုန်ကျမှာဖြစ်ပါတယ်။ နံပါတ်(၂)လမ်းဖြစ်တဲ့ မြို့သစ်မြို့နယ်ခွဲက လှည်းဆိပ်-နောင်ကတ်ရွာဟောင်းလမ်းကို ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်မယ်ဆိုရင် အဲ့ဒီသုံးမိုင်အတွက် ၅၈.၅၀ သန်းကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ နံပါတ်(၃)လမ်းဖြစ်တဲ့ တမူးမြို့နယ်၊ ရေနန်း-ရေအေး-အလှော်-ပွတ်သာလမ်းကို ကျောက်

ချောလမ်းခင်းခြင်းနှင့် မြေသားလမ်းတာဘောင်တင်ခြင်း ၁၂ မိုင်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ၅၅၄.၇၈၄ သန်းကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ နံပါတ်(၄)လမ်းဖြစ်တဲ့ တမူးမြို့နယ်၊ တမူး-အူးစူး-သာယာကုန်းလမ်းကို ကျောက်ချောလမ်း ခုနစ်မိုင်ခင်းမယ်ဆိုရင် ၂၂၅.၆၄ သန်းကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ နံပါတ်(၅)လမ်းဖြစ်တဲ့ တမူးမြို့နယ်၊ ပန်းသာ-အင်းဒိုင်း-အလှော်လမ်းကို ကျောက်ချောလမ်း ငါးမိုင်ခင်းမယ်ဆိုလို့ရှိရင် ၉၇.၅၀ သန်းကုန်ကျမယ်လို့ခန့်မှန်းရရှိပါတယ်။ နံပါတ်(၆)လမ်းဖြစ်တဲ့ တမူးမြို့နယ်၊ ရန်လင်းဖိုင်-ပွတ်သာလမ်းကို ကျောက်ချောလမ်းခုနစ်မိုင် ခင်းမယ်ဆိုလို့ရှိရင် ၂၂၅.၆၂၄ သန်းကုန်ကျမှာဖြစ်ပါတယ်။ နံပါတ်(၇)လမ်းဖြစ်တဲ့ ခမ်းပါတ်မြို့နယ်ခွဲမှာရှိတဲ့ ဇီးဖြူကုန်း-ရွာသာယာလမ်း အရှည် ၃ မိုင် မြေသားလမ်းအသစ်ဖောက်မယ်ဆိုရင်၊ ပြီးရင် ကျွန်တော်တို့ ကျောက်ချောလမ်းခင်းမယ်ဆိုရင်တော့ ၉၆.၆၉၆ သန်းနဲ့ စုစုပေါင်း ၁၃၈.၆၉ သန်းကုန်ကျမှာဖြစ်ပါတယ်။

အဲ့ဒါကြောင့်မို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းကို ကျွန်တော်တင်ပြလိုတာကတော့ တိုင်းချုပ်အနေနဲ့ ကျွန်တော်တို့ ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတဲ့ရန်ပုံငွေက ၁၁.၇၈၄ ဘီလီယံဖြစ်ပါတယ်။ ကျပ်သန်းအနေနဲ့ဆိုရင် ၁၁၇၈၄.၁၄ သန်းဖြစ်ပြီးတော့ အားလုံးလမ်းအရှည်ပေါင်းဆိုလို့ရှိရင် ကတ္တရာလမ်းအနေနဲ့ ၂၂ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၁၇၃မိုင်၊ မြေသားလမ်း မိုင် ၁၆၀၊ သစ်သားတံတား ၃၄၃၀ ပေ၊ ကွန်ကရစ်ရေကျော် ၁၇၆၀ ပေနှင့် ရေပြွန် ၅၈၅ ပေတို့ ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။ နောက် မြို့သစ်မြို့နယ်ခွဲအနေနဲ့ ပြန်ကြည့်လို့ရှိရင် ဒါကတော့ စစ်ကိုင်းတိုင်းချုပ်ဖြစ်ပါတယ်။ မြို့သစ်မြို့နယ်ခွဲအတွက်ဆိုရင် စုစုပေါင်း လမ်းအရှည်အားဖြင့် ကျောက်ချောလမ်း ၂ မိုင်၊ မြေသားလမ်း ၁၉ မိုင် ၄ ဖာလုံ၊ သစ်သားတံတား ၄၂၅ ပေ၊ ရေပြွန် ၁၁၅ ပေ အဲ့ဒီအတွက် ကျွန်တော်တို့ ခွင့်ပြုထားတဲ့ငွေက မြို့သစ်မြို့နယ်ခွဲအတွက် ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ၄၅၇ သန်း ခွင့်ပြုထားပါတယ်။ နောက် တမူးမြို့နယ်အနေနဲ့လည်း ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ ၃၈၅.၀၅ သန်းခွင့်ပြုထားပါတယ်။ နောက်တစ်ခါ ခမ်းပါတ်မြို့နယ်အနေနဲ့ဆိုလို့ရှိရင်လည်း မြို့နယ်ခွဲအနေနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ မှာ ၂၅၈.၅၈ သန်း ကျွန်တော်တို့ ခွင့်ပြုထားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြို့သစ်မြို့နယ်ခွဲ၊ တမူးမြို့နယ်ခွဲ၊ ခမ်းပါတ်မြို့နယ်ခွဲအတွင်းမှာရှိတဲ့ လမ်းခုနစ်လမ်းအနက်က တစ်လမ်းဖြစ်တဲ့ မြို့သစ်-ရာနိုး-ဖိုင်ရန်-တုံးကျော်မြေသားလမ်းကို တာဘောင်တင်ခြင်း သုံးမိုင်အတွက် ၄၂ သန်းကိုတော့ ကျွန်တော်တို့ ဒီနှစ် ဘတ်ဂျက်မှာခွင့်ပြုထားပြီးဖြစ်ပါတယ်။ ကျန်တဲ့လမ်းတွေတော့ ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ တင်ပြပါ

**မူကြမ်း**

လမ်းခုနစ်လမ်းအနက်ကနေပြီးတော့ ကျွန်တော်တို့လမ်း တစ်မြို့ချင်းတင်ပြရရင် မြို့သစ်မြို့နယ်ခွဲမှာရှိတဲ့ မြို့သစ်-ရာနိုး-ဖိုင်ရန်-တုံးကျော် ခုနစ်မိုင် အဲ့ဒီလမ်းရယ်၊ တမူးမြို့နယ်အတွင်းမှာရှိတဲ့ ရေနန်း-ရေအေး-အလျော်-ပွတ်သာ အဲ့ဒီ ၁၂ မိုင်ရယ်၊ ပန်းသာ-အင်ဒိုင်း-အလျော်လမ်း ၅ မိုင်နှင့် နောက်ခမ်းပါတ်မြို့နယ်အတွင်းမှာရှိတဲ့ ဇီးဖြူကုန်း-ရွာသာ ၃ မိုင် ဒီသုံးခုကိုတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ မှာ ကျွန်တော်တို့ ဦးစားပေးအလိုက် လျာထားပေးမှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ လျာထားပေးခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဒုတိယမေးခွန်းနဲ့ပတ်သက်လို့ ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ တင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့်ယှဉ်ပြီးတော့ တောင်ငူမြို့နယ်မှာဆိုလို့ရှိရင် ထန်းတော-ပဲချက်ကုန်းလမ်း၊ ရွာသစ်ရွာ-ရွာသစ် Under Pass ဆက်သွယ်တဲ့လမ်းနှင့် ရေတာရှည်မြို့နယ်မှာဆိုရင် သိုင်းဝကျေးရွာ-ကြို့ပင်သာရွာ ရွာချင်းဆက်လမ်း စုစုပေါင်း ၄ မိုင်နဲ့ ၃ ဖာလုံကို ကျွန်တော်တို့ ဒီအမြန်လမ်းမကြီးနှင့်ယှဉ်ပြီးတော့ အပြိုင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကျပ်သန်း ၃၀၀ ကို ကျေးရွာချင်းဆက်လမ်း ၅ မိုင် ၃ ဖာလုံကို တောင်ငူမြို့နယ်အတွင်းမှာဖြစ်တဲ့ ပဲချက်ကုန်း-ရွာသစ်လမ်း၊ ထန်းတော-ရွာသစ်လမ်းနှင့် ပဲခူးမြို့နယ်အတွင်းမှာ သစ်ပင်ဆိပ်-တောနက်ကြီး ဒီရွာချင်းဆက်လမ်းတွေကို ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ တောင်းခံထားတာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဆက်လက်လိုအပ်တဲ့ ပဲခူးမြို့နယ်အတွင်းမှာလိုအပ်တဲ့ အမြန်လမ်းမကြီးနှင့်အပြိုင် တင်ပြပါကျေးရွာချင်းဆက်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ မေးမြန်းညှိနှိုင်းချက်အရ တင်ပြဖြေကြားခြင်းဖြစ်ပါတယ်။

အလားတူပဲ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးမှုမရှိသေးမီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း အမြန်လမ်းမကြီးဘေး တာဘောင်မှာ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများကို မောင်းနှင်လို့ရပါတယ်။ အဲ့ဒီတော့ မောင်းနှင်ခြင်းကို ယာယီအားဖြင့် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ တံတားနေရာမှာ ရောက်တဲ့အခါကျရင်တော့ ဒီဖြတ်ကျော်နေတဲ့ ယာဉ်တွေ ယာဉ်သွားယာဉ်လာပြတ်တောက်ချိန်ကို ခဏစောင့်ပြီးတော့ လွတ်လောက်တဲ့အချိန်ကျမှသာ တံတားပေါ်ကို

တက်ပြီး ဖြတ်သန်းသွားကြဖို့လည်းလိုအပ်ပါတယ်။ ယာယီအစီအစဉ်အနေဖြင့် ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့မှလည်း ဖော်ပြပါလမ်းစည်းကမ်းအတိုင်း လိုက်နာစီးနင်းသွားလို့ရှိရင် ဖမ်းဆီးအရေးယူခြင်းမရှိပါကြောင်းနှင့် ကွန်ကရစ်လမ်းမပေါ်ကိုတက်ပြီးတော့ မောင်းလို့ရှိရင်တော့ ဖမ်းဆီးအရေးယူကြောင်းကို သိရှိရပါတယ်။ ဒါကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညှိနှိုင်း ဖြေကြားထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်တင်ပြရလို့ရှိရင်တော့ မြေသားဘောင်ပေါ်ကနေ သွားလို့ရှိရင်ရပါတယ်။ တံတားကိုဖြတ်တဲ့အခါမှာတော့ ကားအခြေအနေကြည့်ပြီးတော့ ကူးဖို့ဖြစ်ပါ တယ်။ ကိုယ်က ကွန်ကရစ်လမ်းပေါ်ကတက်မောင်းရင် ကျွန်တော်တို့ သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့ ကနေ ဖမ်းဆီးအရေးယူကြောင်း တင်ပြအပ်ပါတယ်။ နောက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ ရန်ပုံငွေ ၁၉ ဘီလီယံ လမ်းတံတားနှင့်ပတ်သက်လို့ ခွင့်ပြုထားတာ ရှိပါတယ်။ ဒီနှစ်ဘတ်ဂျက်မှာ။ အဲ့ဒီတော့ ဒိုက်ဦးမြို့နယ်အတွက်ကတော့ ၂၀၁၄-၂၀၁၅ မှာ ၁၆၉.၁၂ သန်း ကျွန်တော်တို့ လမ်းတံတားအတွက် လျာထားထားတာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ အမြန်လမ်းနှင့်အပြိုင် ကိုတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်တာဖြစ်ပြီးတော့ ကျွန်တော်တို့က အဲ့ဒီလမ်း တွေနဲ့မဆိုင်ဘဲနဲ့ အခြား ကျွန်တော်တို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ကျေးရွာချင်းဆက်လမ်းတွေနဲ့ ကုန်ထုတ်လမ်းတွေကို နှစ်အလိုက် ဦးစားပေးအလိုက် ထည့်သွင်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၃)အနေနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့မေးမြန်းချက်ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုမှာရှိတဲ့ ဗထူး-မုံပြင်ကျေးလက်လမ်း ၁၈ မိုင်ကို ရာသီမရွေးသွားလာနိုင်ဖို့အတွက် ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ မှာ ကျောက်ချောလမ်းအဖြစ် ၃ မိုင်နှင့် ၂ ဖာလုံကိုခွင့်ပြုငွေအားဖြင့် ၁၃၂.၅၄ သန်း၊ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း ကျောက်ချောလမ်းအတွက် ၃ ဖာလုံအတွက်ကို ၉.၆၉ သန်းနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၃-၂၀၁၄ အဲ့ဒီဘဏ္ဍာရေးနှစ်မှာလည်း ကျောက် ချောလမ်း ၂ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၄ မိုင်နှင့် ၄ ဖာလုံ ခွင့်ပြုငွေ ၁၅၇.၃ သန်းနဲ့ ဆောင်ရွက် ပေးပါတယ်။ ကျွန်တော်တို့ ကျန်ရှိတဲ့မြေသားလမ်း ၁၁ မိုင် ၇ ဖာလုံကို ကျောက်ချောလမ်းအတွက် ကျွန်တော်တို့ ခန့်မှန်းကြည့်တဲ့အခါမှာ ၆၈၄.၈၃ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီး

ဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၂၄ မိုင်၊ ကျောက်ချောလမ်း ၁၁၃ မိုင်၊ မြေသားလမ်း ၁၅၇ မိုင် ဒီရှမ်းပြည်နယ်အတွင်းမှာ ကျွန်တော်တို့ ယခု ၂၀၁၄-၂၀၁၅ မှာ ၁၀.၄၃ ဘီလီယံနှင့် ဆောင်ရွက်ခွင့်ပြုပြီးလည်းဖြစ်ပါတယ်။ ဒီရပ်စောက်မြို့နယ်အနေနဲ့ ကျွန်တော်တို့ ဒီနှစ် ခွင့်ပြုတဲ့ငွေကတော့ ၂၀၁၄-၂၀၁၅ မှာ ကျောက်ချောလမ်း ၁၅ မိုင်၊ မြေသားလမ်း ၁၄ မိုင်နှင့် သစ်သားတံတား ပေ ၆၀ တို့ကို ရန်ပုံငွေ ၅၇၂.၄ သန်းနဲ့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ဗထူး-မုံပြင်လမ်းကို ကျွန်တော်တို့ ဒီနှစ် ၂၀၁၄-၂၀၁၅ မှာတော့ ရန်ပုံငွေလျာထားခြင်းမရှိပါဘူး။ သို့သော်လည်း လာမယ့် နှစ်မှာ အဆိုပါလမ်း ခုနကတင်ပြတဲ့ မြေသားလမ်း ၄ မိုင် ၄ ဖာလုံကို ပြည်နယ်ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနကို ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာပြီးတော့ ၂၀၁၄-၂၀၁၅ မှာဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဆက်လက်ပြီးတော့ တင်ပြရှင်းလင်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပြင်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စုမှာရှိတဲ့ နားညောင်ကျေးရွာကို ဆက်သွယ်ထားတဲ့ လမ်းပေါ်မှာ နမ့်ပိန်းချောင်းကူးတံတား ပေ ၉၀ အရှည် ၁၄ ပေ၊ အကျယ် အုတ်ခုံ သစ်သားတံတားတစ်စင်း ဆောက်လုပ်ပေးရန် ခန့်မှန်းကြည့်တဲ့အခါမှာ ကျွန်တော်တို့ ခန့်မှန်းကုန်ကျငွေ ၄၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ အစောကတင်ပြသလိုပဲ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းခွင့်ပြုထားငွေက ၁၀ ဘီလီယံ၊ ၁၀၄၃၀ သန်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ မိုင်းပြင်းမြို့နယ် အတွက်ကတော့ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာ ကျွန်တော်တို့ ခွင့်ပြုထားတဲ့ငွေကတော့ ၃၁၁.၈၅ သန်း ခွင့်ပြုထားပြီးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ မိုင်းပြင်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ နားညောင်ကျေးရွာကို ဆက်သွယ်ထားတဲ့ လမ်းပေါ်မှာရှိတဲ့ နမ့်ပိန်းချောင်းကူးတံတားနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်းမရှိသေးပါကြောင်းနှင့် ကျွန်တော်တို့ လာမယ့် ၂၀၁၅-၂၀၁၆ မှာတော့ ထည့်သွင်းလျာထားပြီးတော့ ဦးစားပေးအတိုင်း ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကျန်းမာရေးမြှင့်တင်မှုကော်မတီက မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်း ၁၈၂ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းတဲ့ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပေးနိုင်ရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ယခုတင်သွင်းရန်ဖြစ်သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းဟာ ၂၄-၈-၂၀၁၁ ရက်နေ့က ကျင်းပခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်ဒေါက်တာမောင်မောင်ဝင့်က မြန်မာနိုင်ငံဆေးကောင်စီအား လွတ်လပ်သော ပညာရှင်အဖွဲ့အစည်း Independent Professional Body အဖြစ် ပြန်လည်ဖွဲ့စည်းပြီး တာဝန်ဝတ္တရားများ သတ်မှတ်နိုင်ရန် အဆိုတင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်ကလက်ခံအတည်ပြုပေးခဲ့ခြင်း၏ နောက်ဆက်တွဲရလဒ်ဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆေးပညာနှင့် သိပ္ပံနည်းပညာနယ်ပယ်များမှာဖြစ်ပေါ်လာသော တိုးတက်ပြောင်းလဲမှုများ၏ လိုအပ်ချက်များနှင့် ညီညွတ်စေရန်လည်းကောင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးကောင်စီများ ယင်းတို့၏ ဥပဒေများ၊ လုပ်ငန်းတာဝန်များနှင့် ဆီလျော်အပ်စပ်မှုရှိစေရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ နောင်ဒေသအတွင်းရှိနိုင်ငံများနှင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမောစေရန်လည်းကောင်း၊ တည်ဆဲမြန်မာနိုင်ငံဆေးကောင်စီဥပဒေကိုသုံးသပ်၍ ပြန်လည်ရေးဆွဲရာမှာ

မြန်မာနိုင်ငံဆေးကောင်စီကို Independent Professional Body အဖြစ် ရပ်တည်နိုင်ရန် ဦးတည်ချက်ကိုလည်း သတ်မှတ်ထားရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေသစ် ပြန်လည်ရေး ဆွဲရာမှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အငြိမ်းစားပညာရှင်များ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါတယ်။ UK နိုင်ငံနှင့် ဩစတြေးလျနိုင်ငံများအပြင် ဒေသအတွင်းမှာရှိတဲ့ နိုင်ငံ များ၏ ဆေးကောင်စီများ၏ တည်ဆောက်ပုံနှင့် သူတို့၏လုပ်ငန်းဆောင်တာများကိုလည်း လေ့လာခဲ့ ပါတယ်။ စုစုပေါင်းပညာရှင် ၁၄ ဦးနှင့် (၁၉)ကြိမ်မျှ ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်၍ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဆရာဝန်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာ နိုင်ငံဆေးပညာရှင်အဖွဲ့များမှ ဆရာဝန်စုစုပေါင်း ၆၀ ဦးပါဝင်သော အဖွဲ့ငါးခုအပြင် ပုဂ္ဂလိကဆေးရုံ များအသင်းမှ ဆရာဝန်များထံမှ သုံးသပ်အကြံပြုချက်များ တောင်းခံခဲ့ပါတယ်။ ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီတို့မှလည်း အလားတူ မူကြမ်းများကို ၎င်းတို့ကိုပေးပို့၍ အကြံပြုချက်များရယူခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ယခု ကျင်းပလျက် ရှိသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အသစ်ပြန်လည် ရေးဆွဲ ထားသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေမူကြမ်းအား လက်ခံဆွေးနွေးပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်အား လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ယခု ကျန်းမာရေးမြှင့်တင်မှုကော်မတီက တင်ပြထားတဲ့ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းဟာ ကျန်းမာရေးအတွက် အထူးလိုအပ်ချက် ရှိပြီးတော့ အချိန်အခါအခြေအနေအရ လိုအပ်ချက်များနှင့် ကိုက်ညီစွာ စုပေါင်းဆွေးနွေးညှိနှိုင်း ရေးဆွဲထားတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှာ လက်ခံဆွေးနွေးဖို့ ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**မူကြမ်း**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ မြန်မာနိုင်ငံဆေးကောင်စီဥပဒေဟာ ခေတ်နဲ့အညီ ပြုပြင်တာဟာ အင်မတန်သင့်မြတ်လျော်ကန်တဲ့အတွက် ဒီဥပဒေကို ပြည်သူ့လွှတ်တော်အနေနဲ့ ဒါဆွေးနွေးမယ်ဆိုရင်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါမယ်ဆိုတဲ့အကြောင်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ရော၊ ဆရာဝန်များကိုယ်စားအနေနဲ့ရော ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့(တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင်ရပ်နားပါသည်။]